# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

**ယေရှု ကလည်း အိုအဘ သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသော အမှုကို မသိကြဟု မြွက်ဆိုတော်မူ၏။**

အမှတ်စဉ် (၁၆၄) ဧပြီလ ၂၀၁၅ ခုနှစ် ဇမ္ဗူဒါနု (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## ယေရှုခရစ်တော် (မင်းအောင်သက်လွင်)

**ယေ** ရဲ့ အမျိုး အငုတ်ထွက်သို့ ၊ ဣသရေလဂင် ဗိယာမိန် အနွယ်တွင်
လူဂင် ယောက်ျား ပေါ်ထွန်းကားပြီ။

**ရှု** မဂ ရုပ်သွင် ချစ်စဖွယ် အပြင်အဆင်နှင့် နွားတင်းကုတ်တွင်
နိမ့်ချသန့်စင် မွေးဖွားခဲ့သမို့ အပြုံးပီတိ မယ်တော်မာရိ။

**ခ** စား တပည့်တော် ဆယ့်နှစ်ဖော် ၊ လှည့်လည်ဟောကြား တောင်ပေါ်တရားနှင့်
ပြောကြား ကုသ တန်ခိုးပြကာ ရှုမြင်ခံသမျှ ကောင်းကြီးရပြီ။

**ရစ်** ပတ် ဆူးခက် ဦးခေါင်းထက်နှင့် သံမှိုနက်သည့်
ခြေတော် လက်မှ သွေးများ စီးကျ မြေသို့ ခပြီ။

**တော်** လျော် မစ ကျေးဇူးတရားကြောင့် ပြစ်ကြွေးလွတ်ရန်
ခေါ်လက်ခံသူ နှလုံးအေးတမျှ ကောင်းကင်သို့ကြွ။

( ထိုသို့သောသူ ဤသူသည်ကား -)
ဘုရားဘုန်း ထွန်းပေါ် ၊ လူသားတိုင်းမျှော် -
အတုမရှိ နိုင်းသော် ၊ ယေရှုခရစ်တော်။ ။ (မင်းအောင်သက်လွင်)



ယေရှုခရစ်တော်

---

## သခင့်အချစ်တွေ S.James

သခင့်အချစ်တွေ

လှောင်ရယ်သံတွေ ကျယ်လောင်နေတယ်။ ချို့တဲ့နေတဲ့ ငါ့ဘဝထဲဝယ်
လူတွေဂိုင်းထိုး လက်ညှိုးမိုးတွေ ဒီ ဦးခေါင်းပေါ် တည့်ကျလေပြီ။
နာကျင်ခြင်းတွေ ထပ်ဆင့်ဖိနေ ၊ သခင့်အချစ်တွေ
မမြင်လောက်အောင် လဲပြိုမတတ် ဖြစ်နေချိန်မှာ
အချိုမြိန်ဆုံးက သခင့်အချစ်ဆိုတာ - ဆရာ အနေနဲ့ သင်ပေးနေလေပြီး။



---

## ကိုယ်တော်ဘဲရှိတယ် (သိုးသူငယ်-ဒါးက)

ကိုယ်တော်ဘဲရှိတယ်

ကျွန်ုပ် ခေါ်တိုင်း ထူးတာ ကိုယ်တော်ဘဲ ရှိတယ်။
ကျွန်ုပ် ငိုတိုင်း နှစ်သိမ့်ပေးတာ ကိုယ်တော်ဘဲ ရှိတယ်။
ကျွန်ုပ် အားငယ်တိုင်း အားပေးမဲ့သူ ကိုယ်တော်ဘဲ ရှိတယ်။
ကျွန်ုပ် အတွင်းနှလုံးသားကို မြင်ပြီး -
ကျွန်ုပ် ခံစားချက်ကို နားလည်ပေးတာ ကိုယ်တော်ဘဲ ရှိတယ်။
ကျွန်ုပ် ချစ်တာထက် ကျွန်ုပ်ကို ပိုချစ်တာ ကိုယ်တော်ဘဲ ရှိတယ်။
ကျွန်ုပ်ကို သက်တော်စွန့် သွေးတော်သွန်း ၊
အနှိုင်းမဲ့တဲ့ အချစ်နဲ့ ချစ်တာ ကိုယ်တော်ဘဲ ရှိတယ်။
ကျွန်ုပ် ဘဝအတွက် ကိုယ်တော်ဘဲ ရှိတယ် - သခင်။



---

## ချစ်မိခဲ့ဖူးသူအတွက် F-Penny(mizo) တမူး

ချစ်မိခဲ့ဖူးသူအတွက်

အတိတ်ဖြစ်စဉ် ကာလတစ်ခု၌ ၊ ဘာသာမတူ လူမျိုးမတူ ချစ်ခဲ့မိတဲ့ ချစ်သူရယ်။
နှစ်ကိုယ်တူ တစ်ဘဝ လက်တွဲခဲ့စဉ် အေး အတူ ပူအမျှ ဝေကာငှလို့
နှစ်လွှာပေါင်းမှ တရွက် ၊ စွယ်တော်ရွက်ပမာ ဘဝတစ်ခု ဖြစ်တည်ခဲ့ကြပေါ့။
မမျှော်လင့်ဘဲ မုန်တိုင်းထန်ခဲ့နေ့တနေ့မှာ အတ္တကိုယ်စီ လွန်ဆွဲမှုလေဗွေထဲ မျောပါရင်း
ကိုယ်ထင်ရာအမှန် လက်ကိုင်ဆွဲလျက် စိတ်ကူးယဉ်ပျော်ဖွယ် အိမ်ငယ်လေး
ပျက်စီးပျောက်ကွယ် သွားခဲ့ပေါ့။ သို့ပေမဲ့ နှလုံးသားမျက်ရည်နှင့်
ချစ်သူ့ဘဝ အသက်တာပြောင်းလဲနိုင်ဖို့ သခင့်ထံမှာ တောင်းဆုပြုပေးနေဆဲပါ။
ကရာနီ ထာဝရ ပျော်ရွှင်ခြင်း ဆုကျေးဇူးတော် များပြားလွန်းလှ သခင့်မေတ္တာ
အတိတ် ပစ္စုပ္ပာန် အနာဂါတ်တို့ နားခိုရာလမ်းမှန်ညွှန်ပြပေးသည့်
နှုတ်ကပတ်တော် သမ္မာကျမ်းတရား ချစ်သူ့ နှလုံးသားမှာ
ဘဝခရီး ရေဆန်ရဲ့ အတက်၊ ရေစုန်မှာ မျောပါ မသွားဖို့
ချစ်သူ့ ဝိညာဉ် ထာဝရ အသက် ရှင်သန်ပျော်ရွှင်နိုင်ရန်
ယုံကြည်ခြင်းလမျှော်လင့်ချက်နှင့် သခင့်ထံတော်သို့ တောင်းဆုပြုပေးနေဆဲပါ။

---

## ဘဏ္ဍာ — ဘဏ္ဍာနှင့်ပါဝါ - ၁၃

### မိုင်းရှူးဒေသမှ စင်ကာပူရောက် တိုင်းရင်းသူတစ်ဦး၏ ရင်ဖွင့်သံ (မာရိ)

ဆရာ/ဆရာမ အသင်းသူ အသင်းသား စာဖတ်သူ မိတ်ဆွေများ အားလုံး အပေါ် ဘုရားရှင် ကောင်းကြီးပေးပါစေလို့ ဆုတောင်းရင်း သက်သေခံပါရစေ။ ကျွန်မ ၁၀တန်း အောင်တဲ့နှစ်မှာ မိသားစု စီးပွါးကျခဲ့ပါတယ်။ မိသားစုများတော့ ပိုဆိုးတာ ပေါ့။ အိမ်၊ ကား၊ ဆိုင်ကယ် အတွင်းပစ္စည်းတွေ ကုန်လို့ နောက်ဆုံး အိမ်ငှားဘဝ ရောက်နေပါတယ်။ ရှိတာဆိုလို့ အကြွေးတွေရယ်၊ မိုင်းရှူးလမ်းဘေးမှာ ကျောက်ခုံနဲ့ အိမ် သေးသေးလေးရယ်ပါ၊ ငွေမရှိပေမဲ့ ဟန်ဆောင်သဘောနဲ့ ပေါချောင်ကောင်းများ ရမလား ဆိုပြီး ရှိသလို ဟန်ဆောင် နေနိုင်ပါသေးတယ်။ ဒါကြောင့် ကျွန်မ မူကြိုဖွင့်ဖို့ တောင်ကြီး ကနေ မိုင်းရှူးကို သွားခဲ့ပါတယ်။ တောင်ကြီးမှာ အဖေ၊ အမေ၊ မကြီးနဲ့ ကျောင်းနေသူ မောင်နှမအငယ် ၄ဦး ကျန်နေခဲ့ပြီး မိုင်းရှူးကို အလုပ်သွားလုပ်တာ ကျွန်မနဲ့ မောင်နှမ ၃ဦးပေါ့။ ကျေးဇူးတော်ကြောင့် မိသားစု အသက်ရှူ ချောင်လာ တယ်။ ဘုရားရဲ့သနားခြင်းကြောင့် မူကြိုလုပ်ငန်း အောင်မြင်လာပါတယ်။ ၈လ လောက် ကြာတဲ့ (27-3-1999) ညမှာ မိုင်းရှူး တစ်တောင်လုံး မီးလောင်လို့ မူကြိုနှင့် ကျောက်ခုံ အိမ်လေးပါ မီးထဲ ပါသွားခဲ့ပါတယ်။ သူတစ်ပါးထံ အားငယ်စွာနှင့် အကြွေး ယူပြီး လမ်းမရဲ့လမ်းခွဲ၊ လမ်းခွဲမှ လမ်းကျဉ်း ကြားလမ်းရဲ့ အစွန်ဆုံး နေရာမှာ မီး လောင်သွပ် ကောက်ရင်း အိမ်အကာပြုလို့ မိုးကာနဲ့ မိုးထားတဲ့ မူကြိုအသစ်ကို ပြန် ဆောက် ခဲ့ပါတယ်။ ကျွန်မ မူကြို ဘေးမှာတော့ ချောက်ကမ်းပါးကြီးပေါ့။ တစ်ရပ် ကွက်လုံးက အဲ့ဒီ ကမ်းပါးမှာ အမှိုက် လာသွန်ပါတယ်။ အိမ်ဂန်းထဲ အိမ်သာ မဆောက် နိုင်သူတွေက အဲ့ဒီ ကမ်းပါးနားမှာ အိမ်သာတွေ တန်းစီ ဆောက်ထားကြပါတယ်။ ရှက်စိတ်၊ အားငယ်စိတ်၊ ဝမ်းနည်းစိတ်နဲ့ မူကြိုလုပ်ငန်း အောင်မြင်စက ဘုရားကို ချီးမွမ်းဖို့ထက် ထပ်ပြီး ကောင်းကြီးခံစားဖို့သာ ဆုတောင်းရင်း သူငယ်ချင်းတွေအပေါ် မခံချင်စိတ်နဲ့ ဘယ်လို ပြန်ကျောပစ်ရမယ် ဆိုတာကိုဘဲ တွေးရင်းနဲ့ အခုတော့ ဘုရား ဆုံးမ တာပါ။ အရင်တုံးက အိမ်သာဘေး၊ ချောက်ကမ်းပါးဘေး မပြောနဲ့ အမှိုက်ပုံး ဘေးမှာ နေထိုင်သူတွေကို ကြည့်မိရင် ကဲ့ရဲ့ခဲ့ဘူးပါတယ်။ အခုတော့ ကိုယ်ကိုယ်တိုင် အိမ်သာဘေး အမှိုက်ပုံဘေးမှာ နေနေရပါတယ်။ အရင်တုံးက အတူတူ လက်တွဲ လုပ် ခဲ့တဲ့ သူငယ်ချင်းတွေကလဲ အတွေ့အကြုံရှိပြီး အောင်မြင်နေတဲ့ မူကြိုကျောင်း တွေ ဘက်ကို အလုပ်ပြောင်းပြီး ကျွန်မကို စွန့်ခွာသွားကြပါပြီ။ လူပြန်စုဖို့ မလွယ်တော့ပါဘူး လို့ တွေးနေတုန်း ကျွန်မ မူကြိုရဲ့ အနီးတဝိုက် လမ်းမကြီးဘေးတွေမှာ မူကြိုတွေ လာဖွင့်ကြပါတယ်။ ဝါရင့် ဘွဲ့ရ ဆရာမတွေ အနည်းဆုံး ၅ မိနစ်သာ လျှောက်စရာ မလိုတဲ့ နေရာမှာ မူကြို ၇ခု လာဖွင့်ကြပါတယ်။ အပြောအဆို မတတ်။ မရင့်ကျက်။ ဘွဲ့မရတဲ့ ၁၉နှစ်အရွယ် ကျွန်မဟာ သူတို့ကို လုံးဝ မယှဉ်ဝံ့ခဲ့ပါ။ တောင်ကြီးမှာ ကျန်ခဲ့တဲ့ မိသားစုထဲက မောင်နှမတွေကလဲ ဒီနှစ်မှာ ၁၀တန်း နှစ်ယောက်ဖြစ်လာလို့ ကျောင်းစရိတ် ကျူရှင်စရိတ်၊ အိမ်ငှါးစရိတ်တွေ ထပ်တိုးလာပြန်ပါတယ်။ ကျွန်မ ဘယ်မှ မသွားဘဲ မူကြိုခန်းထဲမှာ ဘုရားကိုဘဲ ငိုကြွေးအော်ဟစ် တောင်းပန် အသနား ခံ ခဲ့ပါတယ်။ နေ့တိုင်းပေါ့။ ဒီအချိန်မျိုးမှာ ဘုရား နဲ့ သာ၍ နီးခဲ့ပါတယ်။ နှိမ့်ချခြင်းနဲ့ ဘုရားကိုသာ အားကိုးတဲ့ ကျွန်မ မလိမ်မညာခဲ့ပါဘူး။ မူကြို ကျောင်းသား ကလေး အယောက် ၇၀ အထိ ရှိလာ ခဲ့ပါတယ်။ ကုန်သည်ကြီးတွေ၊ ဗိုလ်မှူး






သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၆၄ ဧပြီလ ၂၀၁၅ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ဝေရန် ကန့်သတ် ထုတ်ဝေသည်။

ကြီးတွေ၊ ဆရာ/မ တွေရဲ့ သားသမီး၊ ဖက်ဆပ် သူဌေး တွေရဲ့ သားသမီးတွေပါ လာတက်ကြ ပါ တယ်။ မိုးရွာချိန်ဆို လူနှစ်ယောက် သွားလို့ မရတဲ့ လမ်းကျဉ်းထဲ ခွေးချေး၊ လူချေးတွေ နင်းပြီး ကလေးကို ချီပြီး ကျွန်မ ဖွင့်တဲ့ မူကြို ကျောင်းမှာ လာပို့ကြပါတယ်။ ဆိုင်ကယ်တွေကို ဟိုလမ်းမကြီးမှာ ထားခဲ့ပြီး လာပို့ကြပါတယ်။ မယုံနိုင်စရာပါ။ ဟာလေလုယာ။ နေ့တိုင်း ကောင်းကင်တမန်တွေ ကူညီပါ ဆိုပြီး အကူအညီ တောင်းပါ တယ်။ အစ်ကို ကလည်း ကျောက်တူးတဲ့ ဖက်ဆပ်ကုမ္ပဏီထဲ အလုပ်ဝင်သွားပါတယ်၊ ညီမလေး ကလည်း တခြားအလုပ်နှင့်မို့ ကျွန်မတစ်ယောက်သာ မူကြို ကလေးထိန်း ခဲ့ရပါတယ်။ ညီမက ထမင်းစားချိန် လောက်မှ လာကူပါတယ်။ ကျွန်မ အံ့သြမိတယ်။ ကလေး အယောက် ၇၀ ကို ကျွန်မ တစ်ယောက်ထဲ ထိန်းနိုင်ခဲ့ပါတယ်။ ကလေး လာပို့တိုင်း၊ သူတို့တွေ အိပ်တိုင်း၊ ပြန်တဲ့ အခါတိုင်း သူတို့ခေါင်းပေါ် လက်တင်ရင်း ဘုရားရှင် သူတို့ကို ကောင်းကြီး ပေးပါစေလို့ စိတ်ထဲကနေ ကောင်းကြီး ပေးခဲ့ ပါတယ်။ သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးက အစ ဆုတောင်းအပ်နှံခဲ့ပါတယ်။ ဘေး ပတ်ဝန်းကျင် မူကြို တွေက ကျွန်မ ကလေးမိဘတွေကို ကျွန်မ လစာယူတာရဲ့ တစ်ဝက် နဲ့ ဆွဲဆောင် ခဲ့ပေမယ့် သူတို့ဘက်ပါသွားတာ ၁၀ယောက် မကျော်ခဲ့ပါဘူး။ မူကြို ပြီးလို့ အစိုးရ ကျောင်းကြီး သွားတဲ့အခါ အဆင့်(၁)တွေကို ကျွန်မ မူကြို ကလေးတွေသာ လု နေတာ ကို ကျွန်မ အံ့မခန်း သိလိုက်ရတယ်။ ကျွန်မက ဘာမှ မတတ်ပါဘူး။ ဗမာစကားတောင် မပီပါဘူး။ ဘုရားပဲ လုပ်သွားတာပါ။ အစ်ကိုကလည်း အလုပ် အဆင်ပြေစမို့ ကျွန်မ လောဘစိတ် ဝင်လာပြန်တယ်။ အကြွေးတွေ ကျေ သလောက်နီးပါး ဖြစ်လာပြီး လိုချင် တာတွေ များလာပြန်တယ်။ အလုပ်ကြမ်း မလုပ် ဘူးတဲ့ အစ်ကို ဖျားတာ၊ ကိုယ်လက် ကိုက်ခဲတာ ခံစားခဲ့ရတဲ့အခါမှာ အရင်က သိပ်ချစ် တတ် သနားတတ်တဲ့ ကျွန်မဟာ အခု ကျတော့ အမြင်ကပ်တတ်လာပြီး အစ်ကိုက အလုပ် မလုပ်ချင်လို့ လာပြီး အပျင်းထူနေတယ်လို့ အပြစ်မြင်လာပြန်တယ်။ ဒါ ကြောင့် အလုပ်ဆင်းဖို့ ပြောတော့ အစ်ကိုက စိတ်တိုလာတယ်။ ဒါကြောင့် ဘုရားထံ ကျွန်မ ညတိုင်း ဆုတောင်းတယ်။ အစ်ကို အလုပ်သွားဖို့ နှိုးဆော်ပေးပါဆိုပြီး အလုပ် သွား ရင် တစ်လပြည့်တဲ့အခါ လခ ရလာတယ်လေ။ ကျောက်ဘဲ ဝယ်တတ်တဲ့ အစ်ကို က ပိုက်ဆံပိုရအောင် ကျောက်တူး တဲ့ ကျင်းထဲ ဆင်းတာ ကျောက်သယ်တာ ကျင်း အောက်ခြေကနေ အပေါ်ရောက်ဖို့ ၁နာရီခွဲကျော်မှ ရောက်တဲ့ခရီးမို့ ခြေချော်ခဲ့သော် လက် ချော်ခဲ့သော် အရိုးတခြား အသား တစ်ခြားနှင့် အလောင်းပြန်ရှာမရနိုင်တဲ့ အလုပ် ကြမ်းခရီးပါ။ တချို့လည်း အောက် ပြုတ်ကျ ဖူးတယ်။ အရိုး အသား လိုက် ကောက်တာ 5 Kg ဘဲ ပြန်ရတယ်တဲ့။ အစ်ကို နေမကောင်းတဲ့အခါ ခွင့်ယူပါလို့ ပြော ရမည့်အစား အလုပ်သွားဖို့သာ ဆု တောင်းခဲ့ပေမယ့် တစ်နေ့တော့ အစ်ကိုက အိမ်ကို အစော ကြီးပြန်လာတယ်။ အစ်ကို က ၃ရက် အလုပ် မသွားဘူးလို့ ပြောတယ်။ တနင်္ဂနွေ CE အစည်းအဝေးအပြီး နောက် အိမ်ကို သော့ခပ်ပြီး ကောင်းကောင်း အိပ် ပျော်ခဲ့တယ်။ ဘာရယ်မှန်းမသိဘဲနဲ့ မီး ဆိုတဲ့ အော်သံကြားတယ်။ မီးလောင်တယ် ထ ထ တဲ့။ တရေး လန့်နိုး လာတယ်။ ကျွန်မ နလုံးတွေ တုန်ပြီး ကြောက်နေတယ်။ ကျွန်မ ပြေးအဆင်း လှေခါးပေါ်က ၄ဆင့် လောက် ပြုတ်ကျခဲ့ပေမယ့် မနာကျင်ဘဲ မူကြို ဆောင်ထဲ ပြေးဝင်ချိန်မှာ ပြူတင်းပေါက် တွေ ပွင့်နေတယ်။ ပိုကြောက်ခဲ့ရတယ်။ ဘိန်းစား တွေက ထဘီ တစ်ထည်တောင် လှန်း မရအောင် ခိုးနေတဲ့နေရာ မိန်မသား ၂ယောက်ထဲ အိပ်နေတာ ပြူတင်းတခါး မပိတ်တဲ့ ကိုယ့်ပေါ့ဆမှုကို အပြစ်တင်နေတုန်း အပြင်ကို ကြည့်လိုက်တော့ ကျွန်မ နားမလည်သေးဘူး။ ဘေးအိမ်က လူတွေက လေးဘက် လေးလံ ပြိုလဲကျနေတဲ့ ထရံ တွေကို သံတွေ တူတွေနဲ့ ပြန်ရိုက် နေကြတယ်။ ကျွန်မ အံ့သြစွာ အပြင်ထွက်ကြည့် တော့ အိမ်တိုင်းနီးပါး အိမ်ပြင် နေကြ တယ်။ ထိုအချိန်မှာဘဲ ကြီးစွာသော ပေါက်ကွဲမှု ကြီးကို ကျွန်မ ကြား လိုက်ရတယ်။ ကောင်းကင် တစ်ခုလုံး မီးလျှံတွေ မီးခိုးတွေအပြည့် ဘဲ။ အဲ့ဒီ နေရာက ကျွန်မ အစ်ကို အလုပ်လုပ်တဲ့ ဖက်ဆပ် မှာပါ။ အစ်ကို့ အလုပ်ခွင် ထဲမှာ ပေါက်ကွဲ တာမို့ စိတ်ပူသွားပေမဲ့ ဒီနေ့ အစ်ကို အလုပ်မဆင်းတာမို့ စိတ် သက်သာရာ ရခဲ့ ပါတယ်။ အစ်ကိုက အလုပ်ဆင်းဖို့ ဒီနေ့ အစောကြီး သွားတာတောင် လက်မှတ် မရဘူး။ ခါတိုင်း အဝေးကြီး လမ်းလျှောက် ရမှာ ပျင်းတဲ့ အစ်ကိုက အလုပ် ခွင် မှာ အိပ်စား၊ TV ကြည့်ပြီး မနက်မှ ပြန်လာ နေကျပါ။ သူငယ်ချင်း တွေက အလုပ် ခွင်ထဲမှာ ကမ္ဘာ့ဖလားဘောလုံးပွဲ ကြည့်ရအောင်နေခဲ့ပါလို့ ပြောတာကို နား မထောင် ပဲ အိမ်ပြန်လာပြီး ငွေပေးရတဲ့ ရုံမှာ ကြည့်ခဲ့တာတဲ့။ (နို့မို့ဆိုရင် အစ်ကိုလဲ ပေါက်ကွဲ မှုထဲ ပါသွားမှာ သေချာပါတယ်) ခနအကြာမှာ အသင်းတော်က လူတွေ ရောက်လာပြီး နှုတ်ဆက်ချီးမွမ်းကြတယ်။ ဘယ်နကြိမ် ပေါက်ကွဲခဲ့လည်း မမှတ်မိတော့ပါ။ ဖက်စပ်မှာ သိုလှောင်ထားတဲ့ ဓာတ်ဆီနဲ့ဆိုတော့ ပိုဆိုးပြီး ပေါက်ကွဲတဲ့ နေရာကို ကျွန်မတို့က နီးတော့ လှမ်းမြင်နေရတယ်။ ပေါက်ကွဲတဲ့ ပစ္စည်းတွေ ဘာမှ ပြန်ကျမလာပါဘူး။ မိုးကောင်းကင်မှာ အစုံဘဲ ပျံဝဲနေတယ်။ လူတွေရဲ့ အသားအမျှင် တွေရောပေါ့။ တအား ဝေးပြီး မမြင်ရတဲ့နေရာ အသံသာ ကြားရတဲ့ နေရာတွေမှာ လုံတွေ စိုက်ကျ လာတယ်တဲ့။ မှန်ပြူတင်းတွေ အကုန်ကွဲတယ်။ တစ်တောင်ပေါ်လုံးရဲ့ အိမ်ထရံတွေ ပြုတ်ကျကုန်တယ်။ တချို့ကလဲ လုပ်ငန်းခွင် မီးလောင်ပေါက်ကွဲတာကို ခရစ်တော် ချီဆောင်ခြင်း ကြွလာတယ်ထင်ပြီး သင်းအုပ်ဆရာအိမ် ပြေးပြီး ဆရာ ရှိသေးလား လို့ သွားမေးကြတယ်။ ခရစ်တော်ချီဆောင်ချိန်မှာ အခုလို ရှုန်းရင်းဆန်ခတ်တွေဖြစ်ပြီး ကောင်းတဲ့သူတွေသာ ချီဆောင်ခြင်းခံရပြီး မကောင်းတဲ့သူတွေ မြေကြီးပေါ် ကျန်နေခဲ့မှာလို့ သင်းအုပ်ဆရာတွေက တရား ဟောထားတော့ တကယ်သာ ခရစ်တော်ရဲ့ ချီဆောင်ခြင်း မှန်ရင် သင်းအုပ်ဆရာက ကောင်းကင်ပေါ် ပါသွားပြီး ငါတို့ အပြစ်သား တွေဘဲ ကျန်ခဲ့မှာမို့ ဆရာများ ကောင်းကင်ပေါ်ပါသွားပြီလားလို့ သံသယ စိတ်ဂင် နေတဲ့ ဘာသာရေး အစွန်းရောက် သမားတွေက ဆရာ့အိမ်မှာ ဆရာ ရှိသေးလားလို့ သွားမေး ကြတာပါ။ ခရစ်တော်ရဲ့ ချီဆောင်မှု ရောက်တဲ့အခါ ထိုချီဆောင်မှုထဲ မပါ သူတွေဟာ ထိတ်လန့်စရာ အသံတွေကြားရမယ်။ ငလျင်လှုပ်ခြင်း။ မိုးချုန်းသံ တွေ ကြားရမယ်လို့ ဆရာတွေက တရားဟောထားတော့ မိသားစု အားလုံး ရှိပေမယ့် စိတ် မချ နိုင်စွာနဲ့ ဆရာ့အိမ် လာကြည့်ရတဲ့ အဖြစ်မျိုး ကျွန်မတို့ မိုင်းရှူးက ယုံကြည် သူတွေ ကြားမှာ ဖြစ်ခဲ့ရပါတယ်။ ဆရာ ရှိသေးတယ်လို့ ပြန်ဖြေသံကြားရမှ စိတ်အေး သွားကြတယ်တဲ့။ လူပေါင်း များစွာ သေကြေခဲ့တယ်။ ဒုက္ခိတ ဖြစ်ခဲ့တယ်။ ထိုနေရာ ကို သွားကြည့်သူတွေဟာ အမဲသား မစားချင်တော့ဘူးတဲ့။ ကျွန်မ နလုံးသားမှာတော့ နောင်တနှင့် ဘုရားကို တောင်းပန် မိတယ်။ အစ်ကို့ကို သနားလာတယ်။ ဘုရားများစွာ သင်ခန်းစာ ပေးပါတယ်။ မိုးမလင်းခင် တောင်ကြီးက အဖေ၊ အမေအိမ်ကို အစ်ကို သေသွားတဲ့ အကြောင်း အလုပ်ခွင်ကလာပြီး သတင်းမှား ပို့လို့ ပူဆွေးနေတဲ့ အဖေ၊ အမေကို ကျွန်မက အစ်ကို အဲဒီနေ့က အလုပ်မဆင်းလို့ ပေါက်ကွဲမှုထဲ မပါကြောင်း ၁၀နာရီမှ (ဖုန်း မရှိသေးတဲ့ တောင်ပေါ်မှာ) ရေဒီယိုလှိုင်းနှင့် သွားပြီး သတင်းကို ဆိုင် ဖွင့်ဖွင့်ခြင်းမှာ ပြောပြခဲ့တော့ မိဘနှစ်ပါး စိတ်အေးပြီး အပူကျ သွားခဲ့ပါတယ်။ မူကြို ၁၀နှစ် သက်တမ်းတွင် ဘုရားရဲ့ ဂရုဏာနှင့် ဆုံးမခြင်းတွေနဲ့ ဘုရား သင်ခန်းစာ ပေးခဲ့ပါတယ်။ ဒီလို အချိန်အထိ စားလိုက် သောက်လိုက် အိပ်လိုက်နဲ့ မစု မဆောင်း နိုင်ခဲ့တာမို့ စင်္ကာပူကို ထွက်လာခဲ့ပါတယ်။ ရန်ကုန်ရောက်မှ အိမ်ဖော် အလုပ် လုပ်ရ မည် ဖြစ်ကြောင်းနှင့် ဒုက္ခအနည်းငယ်သာ ကြားခဲ့ရပေမယ့် သေအောင် ကြောက်ခဲ့ ပါတယ်။ ရှေ့မတိုးရဲဘူး။ နောက်ဆုတ်ဖို့ ဆိုတာကလည်း အသင်းသူ၊ အသင်းသား တွေနဲ့ ဆုတောင်း နှုတ်ဆက်ခဲ့ပြီးပြီမို့ မျက်နှာပူစရာ ရှိနေသေးတော့ မျက်စိမှိတ်ပြီး စင်ကာပူကို ထွက်လာခဲ့ရပါတယ်။ ဘုရားကို အားကိုးခြင်းနဲ့ပေါ့။ ဒုက္ခပေါင်းစုံ ခံစား ခဲ့ရတယ်။ မိုင်းရှူးမှာတုံးက မူကြိုဆရာမ မို့ သူတပါး ရှိသေလေးစားစွာနဲ့ ပြောဆို ဆက်ဆံ မှုတွေထဲ ကျေနပ်ခဲ့ရသူ ကျွန်မဟာ စင်ကာပူမှာ တရုတ်သူဌေးတွေရဲ့ နှစ်ပြား မတန်အောင် အော်ဆဲတာကို ခံခဲ့ရတယ်။ အထူးသဖြင့် အေးဂျင့်အိမ်မှာပေါ့။ မရေး ပြချင် တော့ပါဘူးလေ။ ကြွက်စုပ်လေးပမာ မျက်နှာငယ်နေရတဲ့ ကျွန်မ။ အားငယ် နေတဲ့ အခါမှာတောင် ဘုရား ကျွန်မနဲ့ အတူရှိပြီး ဂရုစိုက်လို့ ထွေးပိုက်နေမှန်း တစ်ခု ပြီး တစ်ခု သိလိုက်ရပြီး ဘုရားရဲ့ ပြုပြင်ပုံသွင်းမှုထဲမှာ သူ့မေတ္တာတွေ ခံစားရတာ ရှင်း ရှင်းလေးပါ။ ဟာလေလုယာ။ အခု အိမ်ရှင် တစ်ဦးထဲ ထံမှာဘဲ ၄နှစ် လောက် အလုပ် လုပ်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ၂နှစ်လောက်က စပြီး နားစေးခြင်း ဝေဒနာ နေ့တိုင်း ခံစားခဲ့ ရတယ်။ နေ့တစ်ပိုင်းလောက် အဆက်မပြတ် နာစေးခဲ့တယ်။ ဆုတောင်းလိုက် ဆေး သောက်လိုက်နဲ့ ဂရုစိုက်ခဲ့တယ်။ ဒါပေမဲ့ မထူးလာဘူး။ တစ်နေ့ ဒီဝေဒနာကို ပျောက် ကင်း ခွင့်ပေးပါ။ အလိုတော်ရှိရင် အတိတ်က ဘုရား၏ ဂရုဏာတော်တွေကို သက်သေခံမယ်လို့ ဆုတောင်း ခဲ့ပါတယ်။ ဘယ်အချိန်က ပျောက်သွားခဲ့မှန်း မသိခဲ့ပါ။ ဘယ်လောက် ကြာပြီလည်း မသိခဲ့ပေမဲ့။ တနေ့ ရေချိုးရင်း နာစေးလာမှ အိုးအဖ ခွင့်လွှတ်ပါလို့ တောင်းပန်ရင်း သက်သေခံပါရစေ။ ဘုရားရှင် ကျွန်မအပေါ် အလွန် ကောင်း မြတ်ပါတယ်။ နိုင်ငံရပ်ခြားမှာ ငွေလာရှာတဲ့ အလုပ်သမတွေ အားလုံး အပေါ်မှာ ရောပေါ့။ ရေတွက်ရင်းနဲ့ ချီးမွမ်းလိုက်ပါလား။ မိတ်ဆွေ ဘဝမှာ သုညအထိ ရောက်နေလား။ ဘုရားက အဲ့ဒီအထဲမှာ ပိုပြီး အလုပ် လုပ်ချင်သူပါ။ ထို ဝန် သူ့ကို ပေးလိုက်ပါ။ ။(မာရိ)

---------------





**ချစ်သူ့ခေါ်သံ** Shou La Jiao



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၆၄ ဧပြီလ ၂၀၁၅ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချိရန် ၈၅၀ ထုတ်ဝေသည်။

မြန်မြန် ပြန်လာပါ့မယ်။ ပြီးတော့ ဆေးခန်း ပို့ပေးမယ်လို့ ပြောပါတယ်။ ဒါပေမဲ့ သူတို့ ပြန်ရောက်လာတဲ့အချိန် ကလေး တွေလည်း ထမင်းစားပြီးပြီ။ ကျွန်မလည်း သက်သာ သွားတာနဲ့ ဆေးခန်း သွားဖို့ မလိုတော့ဘူးလို့ ပြောလိုက်တယ်။ ဒါနဲ့ဘဲ နောက် ရက်တွေ ပြန်အောင့်လိုက် သက်သာလိုက်နဲ့ တငွေ့ငွေ့လေးဘဲ အောင့်နေတာကြောင့် ဆုဘဲ တောင်းပြီး နေလိုက် တယ်။ တစ်ရက်မှာတော့ ငါဆေးခန်း သွားတော့မယ်။ အောင့်ပြန်ပြီးလို့ ပြောတော့ သူတို့ လိုက်ပို့ပေးတယ်။ ဆရာဝန်ကလည်း အစာအိမ် နာတာ ဆိုပြီး ဆေးပေးတယ်။ ဒါနဲ့ သူ့ငွေးက ပြောတယ်။ ငါပြောသားဘဲ နင့်ကို ဆေးခန်း သွားပါလို့ အခုတော့ အဆင်ပြေသွားပြီး မဟုတ်လားတဲ့။ ကျွန်မကလည်း ငါကတော့ ဆုဘဲ တောင်းပြီး ပျောက်ချင်လို့ မသွားချင်တာပါ။ ဒါနဲ့ သူက ငါ နင့်ကို ပုံပြင်တစ်ပုံ ပြောပြမယ်။ တနေ့တော့ ဘုရားကို ယုံကြည်တဲ့ သူတစ်ယောက်ဟာ တစ်နေ့မှာ ရေကြီးလာတော့ သူ ဆုတောင်းတယ် ပြီးတော့ ဘုရားက သူ့ကို လာကယ်မယ်တဲ့။ ဒါနဲ့ ဘေးနားမှာ တွေ့တဲ့ သူက နင် ရေမြုပ်တော့မယ်။ လာ ကားပေါ်တက်ဆိုပြီး ကယ်ခဲ့တယ်။ သူက မလိုဘူး။ ငါ့ဘုရား ကယ်လိမ့်မယ်ဆိုပြီး ၃ကြိမ်အထိ သူများ လာကယ်တာကို လက်မခံ တော့ သူ ရေထဲ ပါသွားရောတဲ့။ ဒါနဲ့ ကောင်းကင်မှာ ဘုရားနဲ့ ပြန်တွေ့တော့ ဘာလို့ သူ့ကို လာမကယ်ခဲ့တာလဲလို့ ဘုရားကို ပြန်ပြီး အပြစ်တင်ပြောခဲ့ပါတယ်။ ဘုရား က နင့်ကို သုံးကြိမ်တိုင်တိုင် ငါ လာကယ်ခဲ့တယ် နင် မလိုက်တော့ ငါလည်း မတတ်နိုင် တော့ဘူးတဲ့။ ဒါနဲ့ ကျွန်မ ရယ်ပြီး ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မလည်း အားနာ တာရယ်။ သူတို့ စိတ်ရင်း ကောင်းပေမဲ့ သူတို့ရဲ့ အခြေအနေ မအား မလပ်မှု တွေကို ကျွန်မက အသိဆုံး ဆိုတော့ ဆေးခန်း တစ်ခါမှ မသွားဘဲ ရောဂါဖြစ်ရင် ဆုဘဲ တောင်းနေတာ ပါလို့ ပြန်ဖြေလိုက်ပါတယ်။ ဒီလိုနဲ့ နောက်ရက်တွေမှာလည်း အောင့်ပြန်တယ်။ အစာ မရှိလည်း အောင့် စားတော့ လည်း အောင့်ဆိုတော့။ ဆန်ပြုတ်လေး နည်းနည်းလေးနဲ့ နေ့တိုင်း နေလာခဲ့လည်း မသက်သာ ခဲ့ပါဘူး။ အိမ်မှာလည်း ကလေးနှစ်ယောက်က လွှတ်ထားလို့ မရတာနဲ့ နောက် တခါ အရမ်းအောင့်ပြီး နည်းနည်း သက်သာလာတဲ့ အချိန် သူတို့ကိုပြောပြီး ကလေး နှစ်ယောက် လက်ကိုဆွဲပြီး ဆေးခန်းကို သွားပြန်တယ်။ ဒါနဲ့ ဆရာဝန်က ဆီးပိုး ရှိတယ်ဆိုပြီး ပိုးသတ်ဆေး တိုက်ပြန်ရော။ အဲ့ဒါနဲ့လည်း မသက်သာခဲ့ပါဘူး။ ဒါနဲ့ ညနေ သူတို့ ပြန်ရောက်တဲ့အချိန် ကျွန်မ အရမ်း နာတယ်လို့ ပြောတော့ အမြန်ဆုံးဘဲ ဆေးရုံ ကိုပို့ပေးတယ်။ ဒါနဲ့ သူတို့က သေချာ စစ်ပေး တော့တယ်။ အသဲ ထဲမှာ ကျောက်ရှိတယ်။ ကျောက်က သေးတော့ သည်းခြေ ကို ထုတ်ပစ်ရမယ်။ အဲ့လိုမှ မလုပ်ရင် အစာစားတိုင်း နာနေမယ်တဲ့။ ဒါနဲ့ နောက် တစ်ခါ မသက်သာလို့ ထပ်သွားရပြန်တယ်။ ကျွန်မလည်း သူတို့ပေး တဲ့ဆေးကို သောက်လို့ အား မရှိတော့ဘူး။ အဲ့ဒီ ဆေးသောက်ရင် ဘာမှ လုပ်လို့ မရတော့ဘူး။ အမြင် အာရုံလည်း ဝေဝါးသွားပြီး စာလည်း ဖတ်လို့မရတော့တဲ့ အခြေ အနေ ဖြစ်ခဲ့ရပါတယ်။ နောက်ရက်တွေမှာ ဓာတ်မှန်ရိုက်ပြီး ခွဲရမှာ ဖြစ်ပါတယ်။ ဆရာဝန်က မေးတယ်။ မိဘ မျိုးရိုးမှာ ကင်ဆာ ရှိလားတဲ့။ ကျွန်မလည်း အဖေ ဆုံးသွားတာတောင် ဘာရောဂါလည်း မသိခဲ့ပါဘူးလို့ တကယ်တော့ ကျွန်မ အဖေလည်း တော်တော်စုံ အောင် ခံစားခဲ့ရပါတယ်။ ကင်ဆာ နဲ့ပေါ့။ ဒါပေမဲ့ အဖေဆုံး သွားတာ အသက် ၅၀ ကျော်လေး ကျွန်မ ၃၀ကျော်ပဲ ရှိသေးတယ်။ ဒါပေမဲ့ ဆရာဝန် ပြောတာတွေထက် ကျွန်မ ခံစားရတာတွေကို ကျွန်မ အသိ ဆုံးပါ။ အသဲကျောက် တခုလည်း မဟုတ်ဘူး၊ ဝမ်းဗိုက် အောက်ပိုင်းမှာလည်း နာကျင်မှု ခံစားရတယ်။ ဆေးတွေကတော့ သောက်ရင် ကျွန်မ အလုပ် မလုပ်နိုင်လို့ မသောက်ပဲ ရပ်ထားလိုက်တယ်။ ပြီးရင် ဆုတောင်းတယ်။ ဘုရားရှင် ကျွန်မ ဘာကြောင့် ဒီလိုဖြစ်သွားတာလဲ။ ကျွန်မ အပြစ် များလို့လား။ ဒါပေမဲ့ ကိုယ်တော်ဟာ အပြစ်သားကိုလည်း ချစ်ပါတယ်။ ကျွန်မကို စွန့်မသွားပါနဲ့။ ကျွန်မ အပြစ်တွေကို လွှတ်မယ်ဆိုရင် ဒီရောဂါကို ပျောက်ကင်းပေးပါ။ ဖြစ်နိုင်ရင် ဓာတ်မှန်နဲ့ ရော ခွဲစိတ်ဖို့ ကျွန်မ တကယ်မလုပ်ချင်ဘူး။ ဆရာဝန် ခွဲစိတ် ပျောက်ကင်းတာထက် ဘုရား သခင် ရှင်း ပေးတာကိုပဲ ကျွန်မ လိုချင် တယ်လို့ ဆုတောင်းခဲ့ ပါတယ်။ ဆရာဝန် က ခွဲစိတ်ပြီးလို့ရှိရင် အခြေအနေက လုံးဝ ကောင်းရင် ဒီမှာ ဆက်လုပ်ခွင့် ရှိမယ်။ ဒါမှ မဟုတ်ရင်လည်း ပြန်နားရမယ်လို့ ပြောထား ပါတယ်။ ဒါနဲ့ ကျွန်မရဲ့ အလုပ် ရှင်ကို မေးကြည့်တယ်။ ခွဲစိတ် စရိတ်ကော လုံလောက် ရဲ့လား။ ကျွန်မ ကတော့ ဖြစ်နိုင်ရင် ဓာတ်မှန်တောင် မရိုက်ချင် တော့ဘူး နော်။ သူက ရှိတယ် မပူနဲ့တဲ့။ ကောင်းရင် နင် နောက်ထပ် ငါးနှစ် ထပ်နေပေးတဲ့။ ဒီလိုနဲ့ပဲ မနက်ဖြန် ဓာတ်မှန် သွားရိုက်ပြီး ဆေးရုံ တက်ရတော့ မယ်။ ဒီနေ့တော့ ကျွန်မ ဘုရားနဲ့ အကြိတ် အနယ် ဆုတောင်းခဲ့တယ်။ နက်ဖြန် ဘုရား နဲ့ တွေ့ရတော့မယ်။ သူ ငါ့ကို ပြောတော့ မယ်လို့ ဆုတောင်းရင်းနဲ့ သတိရမိတယ်။ သခင် ခရစ်တော် ကရာနီတောင်ကို တက်ဖို့ အရေး မခံစားနိုင်လို့ ဂေသရှေမန် ဥယျာဉ် ထဲကို ဝင်ခဲ့ရပါတယ်။ ပြီးတော့ သူ ဆုတောင်းလိုက်တာ သွေးကြောတွေတောင် ပေါက်ထွက် ခဲ့ရလို့ ချွေးနဲ့သွေးတွေ ကျခဲ့ရပါတယ်။ ဒီခွက်ကို သူလွှန် သွားချင်ပေမဲ့ သခင့် အလိုအတိုင်း သူပေးဆပ် ခဲ့ရပါတယ်။ ဒါပေမဲ့ သူက ဘုရားလေ။ ကျွန်မက ဘုရား သနားမှ လွန်သွားလို့ ရမယ်လေ ဆိုပြီး စဉ်းစားမိတယ်။ တကယ်တော့ ခွဲစိတ်လို့ ပျောက်သွားမယ်ဆိုရင် ကျောက် တမျိုးတည်းပဲ ပျောက်မှာ။ ကျွန်မ ဝမ်း ထဲက ဘယ် နှစ်မျိုး ဖြစ်နေတယ် ဆိုတာ ဘုရားပဲသိတယ်။ ကျွန်မ ရောဂါအတွက် သေရမှာ မကြောက်ဘူး။ သေလို့ ရှိရင် သူပြင်ဆင်ထားတဲ့ ကိုယ်ခန္ဓာ အသစ်ထဲမှာ သူနဲ့အတူ ပြန် နေရမယ်ဆိုတာ ပိုတောင် ပျော်သေးတယ်။ ဒါပေမဲ့ မသေခင် ဘယ်လောက် ကြာကြာ ခံစားနိုင်မှာလဲ။ ရောဂါ အပြင်းအထန်နဲ့တော့ မသေချာပါဘူးလို့။ စိတ်ထဲမှာတော့ ခံစားရ တယ်။ ၄.၁၂.၁၃ မှာ ကျွန်မ Ultrasound ပဲ သွားရိုက်ခဲ့ရတယ်။ အဖြေ မရသေးလို့ပါ။ ၁၂.၁၂.၁၃ မှာ appointment ပြန်လာဖို့ ပြောပါတယ်။ ဒါနဲ့ ၁၁ရက် နေ့မှာ ကျွန်မ စိတ်အရမ်း လှုပ်ရှား ခဲ့တယ်။ ဘုရားရှင် ကျွန်မကို ငြိမ်သက်ခြင်းပေးပါ ဆိုပြီး ကျမ်းစာ ဖွင့်လိုက်တယ်။ ဘုရားရှင် ကျွန်မကို စကားပြောပါတယ်။ ဖွင့်ဖွင့်ချင်းပဲ ၁ကော ၁၀း၁၃ လူ၌ ဖြစ်တတ်သော စုံစမ်း နောက်ယှက်ခြင်းကိုသာ သင်တို့သည်ခံရကြ၏။ ဘုရား သခင်သည် သစ္စာနှင့် ပြည့်စုံတော် မူသည်ဖြစ်၍ သင်တို့ မခံနိုင်သော စုံစမ်း နောက်ယှက်ခြင်းကို သင့်တို့၌ ရောက်စေခြင်းငှာ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည့် အကြောင်း စုံစမ်း နောက်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သော လမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည် ဆိုတဲ့ ကျမ်းပိုဒ်လေးနဲ့ စကားပြောခဲ့ ပါတယ်။ ဒါနဲ့ ကျွန်မ ငြိမ်သက်ခြင်း ရခဲ့ပါတယ်။ ဒီလိုနဲ့ ၁၂ရက်နေ့မှာ ဆရာဝန်နဲ့ တွေ့ဖို့သွားခဲ့ပါတယ်။ ဆရာဝန်က ကျွန်မ Ultarsound အဖြေကို ကြည့်နေတယ်။ ကျွန်မကိုလည်း ပြတယ်။ ကျေးဇူးတင်ပါတယ် ဆရာ။ တခြား ဘာရောဂါမှလည်း မရှိပါဘူး။ ဘုရားရှင်ဟာ ကျွန်မရဲ့ အပြစ်လွှတ်ပေးရုံမက အနာရောဂါကိုပါ ငြိမ်းစေပါတယ်။ ကျေးဇူးတင်တယ်။ ကိုယ်တော်သာလျှင် ကျွန်ုပ်ဘဝရဲ့ ကယ်တင်ရှင်ပါလို့ ပြောရင်း သက်သေခံချက်ကို နိဂုံး ချုပ်လိုက်ပါတယ်။ ဆာလံ ၄၆း ၁ ဘုရားသခင်သည် ငါတို့ ခိုလှုံရာ ဖြစ်ပြီး ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည့်ကာလ အထူးသဖြင့် ကူမ တော်မူကြောင်း ထင်ရှားလျက်ရှိ၏။ ဆုတောင်းပေးကြသော သင်းအုပ်ဆရာနှင့် ဇနီးနဲ့ သူငယ်ချင်း






မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့်
Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက
Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account
lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။